**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

သူနာပြုနှင့်သားဖွားဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃/၂၀၀၂)**

၁၃၆၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဇ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

(ဇ) **လိုင်စင်** ဆိုသည်မှာ သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကိုဖြစ်စေ လုပ်ကိုင်နိုင်ရန် ကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

(ဈ) **သူနာပြု၊ သားဖွားအတတ်ပညာသင်ကျောင်း** ဆိုသည်မှာ သူနာပြုအတတ်ပညာ သို့မဟုတ် သားဖွားအတတ်ပညာ သို့မဟုတ် ယင်းအတတ်ပညာနှစ်ရပ်လုံးကို သင်ကြားပေးရန် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက်အရဖြစ်စေ ဖွင့်လှစ်ထားသော ကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်ကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ည) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသော ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ကြီးကြပ်ရေးအဖွဲ့များကို ဆိုသည်။"

၃။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၃။ ကျန်းမာရေးဝန်ကြီးဌာနသည် -

(က) အောက်ပါအတိုင်း ကောင်စီဝင်အနည်းဆုံး ၁၁ ဦးပါဝင်သော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည် -

(၁) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက တာဝန်ပေးအပ်သော သူနာပြုအကြီးအကဲတစ်ဦး — ဥက္ကဋ္ဌ

(၂) သူနာပြု သားဖွားနှင့်သက်ဆိုင်သော အစိုးရဌာန အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ — ကောင်စီဝင်များ

(၃) သူနာပြုနှင့် သားဖွားဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ — ကောင်စီဝင်များ

(၄) သင့်လျော်သည့် သူနာပြုများနှင့် သားဖွားများ — ကောင်စီဝင်များ

(၅) ဤဥပဒေအရ ခန့်ထားသည့် မှတ်ပုံတင်အရာရှိ — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။"

၄။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၇ တွင် -

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(င) မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။"

(ခ) ပုဒ်မခွဲ (ည) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"(ည) သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြုနှင့် သားဖွားလိုင်စင်ကို ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊"

(ဂ) ပုဒ်မခွဲ (ဌ) ဖြင့် အောက်ပါအတိုင်းအစားထိုးရမည် -

"(ဌ) သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အောက်ဖော်ပြပါ အဖွဲ့များကို ဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊ ယင်းအဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း -

(၁) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်ကြီးကြပ်ရေး အဖွဲ့များ၊

(၂) သူနာပြု၊ သားဖွားအတတ်ပညာ၊ လုပ်ငန်းအဆင့်အတန်း မြှင့်တင်ရေးအဖွဲ့၊"

(ဃ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) သူနာပြုအတတ်ပညာ သို့မဟုတ် သားဖွားအတတ်ပညာကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက်ခြင်း၊ ယင်းအတတ် ပညာကို သင်ကြားရေးနှင့်စပ်လျဉ်း၍ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

၅။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော "သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း" ဆိုသည့် စကားရပ်ကို "သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ကောင်စီသို့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဈ)နှင့် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဈ) တို့တွင်ပါရှိသော "နှင့် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရ မည်။

၇။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၆။ လိုင်စင်ရရှိသူတစ်ဦးက ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) ပါပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) ပါပြဋ္ဌာန်းချက်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ် တွေ့ရှိလျှင် -

(က) ကောင်စီသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) နှစ်အကန့်အသတ်ဖြင့် လိုင်စင်ရပ်ဆိုင်းခြင်း၊

(၂) လိုင်စင်ပယ်ဖျက်ခြင်း။

(ခ) ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) သင့်လျော်သော ဒဏ်ကြေးငွေ သတ်မှတ်၍ ပေးဆောင်စေခြင်း၊"

၈။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၇။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၁၈။ ကောင်စီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံ အယူခံနိုင်သည်။

၁၉။ (က) ပုဒ်မ ၁၇ အရ အယူခံမှုတွင် ချမှတ်သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ရမည်။

(ခ) ပုဒ်မ ၁၈ အရ အယူခံမှုတွင် ချမှတ်သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ရမည်။"

၉။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် -

(က) မှတ်ပုံတင်အရာရှိ တစ်ဦးကို ခန့်ထားရမည်။

(ခ) ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်ကိုဖြစ်စေ၊ လိုင်စင်ကိုဖြစ်စေ၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ကောင်စီ သို့မဟုတ် ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ)အရ ချမှတ်သည့် အမိန့်ကို ပြန်လည်သုံးသပ်၍ သင့်လျော်သော အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်။"

၁၀။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀ အထိ ဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစာထိုးရမည်-

"၂၈။ ဆေးသိပ္ပံပညာဦးစီးဌာနသည် သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ သူနာပြု၊ သားဖွားအတတ်ပညာသင်ကျောင်းဝင်ခွင့်နှင့် ကျောင်းတွင်း စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းများကို ဆောင်ရွက်ရမည်။"

၁၂။ သူနာပြုနှင့်သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ ကောင်စီနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ